# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၈၈ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

## လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် "လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ" နှင့် "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးကော်မတီ (CHRD)" တို့ကို ပေါင်းစည်း၍ **"လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ"** အဖြစ် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဌ) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဏ) အတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

၂။ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ထောက်ပံ့ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ပေးသော မူဝါဒနှင့်အညီ ခွဲဝေပေးရေးကြီးကြပ်ရန်၊

(ခ) စောင့်ရှောက်ရန် လိုအပ်သူများကို လူမှုရေးစိတ်ပညာအကူအညီပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ထိခိုက်လွယ်အုပ်စုများ၊ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများကို လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊

(ဂ) အချိန်ကြာမြင့်လာသည်နှင့်အမျှ ယာယီစခန်းများတွင် စားနပ်ရိက္ခာအခက်အခဲရှိလာနိုင်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ရေးအကူအညီများ ရရှိနိုင်ရေး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဃ) ပြန်လည်နေရာချထားမည့် ခန့်မှန်းလူဦးရေ၊ မိသားစုအတွက် လိုအပ်သည့်စားနပ်ရိက္ခာပစ္စည်းများကို တွက်ချက်၍ ကြိုတင်စုပုံထားရှိနိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာပြန်လည်နေရာချထားပေးမည့် နေရာများသို့ စနစ်တကျ ပို့ဆောင်နိုင်ရေး၊ နေရာအသင့်အနေအထားမရှိသေးပါက ယာယီနေရာချထားမည့် နေရာများကို လျာထားတင်ပြရေးနှင့် လျာထားသတ်မှတ်ခြင်း၊ ကျေးရွာများအသစ်ပြန်လည်ဖွဲ့စည်းခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်၊

(စ) ပြန်လည်ဝင်ရောက်လာသူများအား ယခင်နေထိုင်ခဲ့သည့် နီးစပ်ရာဒေသအလိုက်စုစည်း၍ နေရာချထားနိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်းခြင်း၊ ယာယီစခန်းများတွင်ဦးစွာနေရာချထားခြင်း လုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဇ) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ကလေးနှင့် လူငယ်ကာကွယ်စောင့်ရှောက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများစီမံချက်ချဆောင်ရွက်ရန်၊

(ဈ) ကျား/မခွဲခြား အကြမ်းဖက်မှုများပပျောက်ရေး၊ ကျား/မရေးရာ တန်းတူညီမျှမှုရှိစေရေး၊ အိမ်တွင်းအကြမ်းဖက်မှုများပပျောက်ရေး၊ လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် အမျိုးသမီးများဦးဆောင်မှုကဏ္ဍမှပါဝင်ရေးတို့အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ည) လူငယ်ထုများကိုအခြေခံ၍ လူမှုသဟဇာတဖြစ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာဇဝတ်မှုများလျော့နည်းပပျောက်ရေးတို့အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋ) လူငယ်ထုအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရေး၊ ပြည်သူ့နီတိနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုရရှိရေးသင်တန်းများ ဆောင်ရွက်ပေးရန်၊

(ဌ) လူ့အဖွဲ့အစည်းများအကြား မတူကွဲပြားသော ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို အပြန်အလှန်နားလည်မှုနှင့် သဟဇာတဖြစ်စွာနေထိုင်နိုင်ရေး အကူအညီဖြစ်စေမည့် အစီအစဉ်များရေးဆွဲခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဍ) ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေမည့် လူ့အဖွဲ့အစည်းထူထောင်နိုင်စေရေးအတွက် တရားမျှတမှုရှိခြင်း၊ တန်းတူအခွင့်အရေးပေးခြင်း၊ အပြန်အလှန်နားလည်မှုပေးခြင်း၊ လိုက်လျောခြင်း၊ သည်းခံနိုင်ခြင်းများနှင့် လူ့အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းခြင်းများကို စွမ်းအားမြှင့်လုပ်ဆောင်သွားရန်၊

(ဎ) ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် ( ၃ ) ရပ်နှင့်အညီ CHRD ကော်မတီ အလှူရန်ပုံငွေစာရင်းများကို လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ ရန်ပုံငွေအဖြစ်ဖြင့် ဆက်လက်သုံးစွဲဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ပံ့ပိုးမှု၊ ပြည်တွင်း/ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး ကော်မတီ၏ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံနိုင်ရေးဆောင်ရွက်ရန်၊

(ဏ) ကော်မတီသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံမှ လိုအပ်သည့်အကြံဉာဏ်များနှင့် အကူအညီများကို တောင်းခံဆောင်ရွက်ရန်၊

(တ) ဥက္ကဋ္ဌအနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရေး ကော်မတီရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၆ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၁၊ ၂၆-၄-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၂/၂၀၂၁ နှင့် ၂၉-၄-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၇/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ